**AASYC**

**ALL ARAKAN STUDENTS' AND YOUTHS' CONGRESS**

**ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များကွန်ဂရက်**

P.O. Box - 178, Tak - 63110, Mae Sod, Thailand. E-mail: aasyc.hq@gmail.com

# ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များကွန်ဂရက်၏ တတိယအကြိမ်မြောက် ညီလာခံမှ သဘောထားထုတ်ပြန်ကြေငြာချက်

ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်များကွန်ဂရက် (AASYC) ၏တတိယအကြိမ်မြောက် ညီလာခံကို ထိုင်း–မြန်မာနယ်စပ်တစ်နေရာ၌ ၂၀၀၅–ခုနှစ်၊ ဇွန်လ (၂၁) ရက်နေ့မှ ဇွန်လ (၂၉) ရက်နေ့အထိ ကျင်းပရာတွင် ဤညီလာခံသို့ ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များကွန်ဂရက်(AASYC) ၏ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ပြည်တွင်းနှင့်ထိုင်းဖက်ဆိုင်ရာ ကိုယ်စားလှယ်တော်များအပါအဝင် စုစုပေါင်း (၂၇) ဦးတက်ရောက်ခဲ့ပြီး အောက်ပါ ဦးတည်ချက် (၆) ရပ်ကို ချမှတ်ခဲ့သည်။

၁။ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးရရှိရေး။
၂။ နယ်ချဲ့လူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ်ဆန့်ကျင်တိုက်ဖျက်ရေး။
၃။ အဖိနှိပ်ခံ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးလွတ်မြောက်ရေး။
၄။ ရခိုင်ကျောင်းသားနှင့်လူငယ်များအကျင့်စာရိတ္တနှင့် ပညာရည်မြင့်မားရေး။
၅။ ရခိုင်တစ်မျိုးသားလုံး သွေးစည်းညီညွတ်မှုတည်ဆောက်ရေး။
၆။ ရခိုင်တစ်မျိုးသားလုံး ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး။

အထက်ပါဦးတည်ချက်(၆)ရပ်ကို အကောင်အထည်ဖေါ်ရာတွင် ဦးဆောင်လမ်းညွှန်မှုပေးနိုင်ရန်အတွက် အကြံပေးအဖွဲ့ဝင် (၅)ဦး၊ သဘာပတိ (၂)ဦး၊ နှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် (၉)ဦး ဖြင့်ဖွဲ့စည်းပြီး အောက်ပါအတိုင်းရွေးချယ်တင်မြောက်ခဲ့ပါသည်။

**အကြံပေးအဖွဲ့**

(၁) ပါမောက္ခဒေါက်တာအေးကျော်
(၂) ဦးမောင်မောင်
(၃) ဦးကျော်သာလှ
(၄) ဦးကျော်မြသာ
(၅) ဦးတင့်ဇော်

**သဘာပတိအဖွဲ့**

| | |
|---|---|
| (၁) ရဲဘော် ကျော်ဟန် | (သဘာပတိ) |
| (၂) ရဲဘော် ဇော်ဇော်အောင် | (သဘာပတိ) |

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**

| | |
|---|---|
| (၁) ရဲဘော် ဝင်းအောင် | (ဥက္ကဋ္ဌ) |
| (၂) ရဲဘော် အောင်မင်းဦး | (အထွေထွေအတွင်းရေးမှူး) |
| (၃) ရဲဘော် ထွန်းဇော် | (ဗဟိုအလုပ်အမှုဆောင်ကော်မီတီ) |
| (၄) ရဲဘော် လင်းထက် | (ဗဟိုအလုပ်အမှုဆောင်ကော်မီတီ) |
| (၅) ရဲဘော် စိန်လင်း | (ဗဟိုအလုပ်အမှုဆောင်ကော်မီတီ) |

(၆) ရဲဘော် စိုးလင်း (ဗဟိုအလုပ်အမှုဆောင်ကော်မီတီ)
(၇) ရဲဘော် ထွန်းမောင်သိန်း (ဗဟိုအလုပ်အမှုဆောင်ကော်မီတီ)
(၈) ရဲမေ သဇင်ဖြူ (ဗဟိုအလုပ်အမှုဆောင်ကော်မီတီ)
(၉) ရဲမေ နှင်းမြတ်ခိုင် (ဗဟိုအလုပ်အမှုဆောင်ကော်မီတီ)

၁။ ရခိုင်ကျောင်းသားနှင့်လူငယ်များ၏ နိုင်ငံရေး၊ စည်းရုံးရေး၊ ခေါင်းဆောင်မှု၊ အုပ်ချုပ်စီမံခန့်ခွဲမှုနှင့် လိုအပ်သည့် အသိပညာ၊ အတတ်ပညာရပ်ဆိုင်ရာကဏ္ဍများကို ဘ၀တူအဖိနှိပ်ခံမဟာမိတ်အဖွဲ့အစည်းများ၊ နိုင်ငံတကာရှိ ကျောင်းသားလူငယ်များ၊ တိုင်းရင်းသားကျောင်းသားလူငယ်အဖွဲ့အစည်းများ နှင့် တက်ညီလက်ညီ လက်တွဲကာ ပူးပေါင်းဆောင်ရွက်သွားမည်။

၂။ ရခိုင်ပြည်သူတစ်ရပ်လုံး ကိုယ့်ကံကြမ္မာကိုယ်ဖန်းတီးခွင့်ရရှိရေး၊ စစ်မှန်သောဒီမိုကရေစီလမ်းစဉ် ပေါ်ပေါက်ရေး အတွက် စည်လုံးညီညွတ်စွာဖြင့် အောင်ပွဲပန်းတိုင်ကို မဆုတ်မနစ် ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားမည်။

၃။ အနာဂါတ် ရခိုင်ကျောင်းသားလူငယ်မျိုးဆက်သစ်ခေါင်းဆောင်များနှင့် အသိပညာရှင်၊ အတတ်ပညာရှင် ကျောင်းသားလူငယ်များ ပေါ်ထွန်းလာရေးကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချယ်မှုန်းရေးကို ဦးတည်သည့် မူ၀ါဒလမ်းစဉ်များကို လက်တွေ့အကောင် အထည်ဖော်ဆောင်ရွက်နေကြသည့် မဟာမိတ်အဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းဆောင်ရွက် သွားမည်။

၅။ ရခိုင်ပြည်သူတရပ်လုံး၏ သဘောဆန္ဒမပါရှိဘဲ သဘာ၀အရင်းအမြစ်များနှင့် သယံဇာတပစ္စည်းများအား မတရားခေါင်းပုံဖြတ်အမြတ်ထုတ်ယူမှုနှင့် ရခိုင်ပြည်သူတို့အပေါ် ချမှတ်ထားသော စီးပွားရေးအရ ချုပ်ချယ်ကန့် သတ်ဖိနှိပ်မှုများကို တားဆီးကာကွယ်တိုက် ဖျက်သွားမည်။

၆။ အဘက်ဘက်တွင် ခွဲခြားဆက်ဆံမှုများခံနေကြရသော ရခိုင်အမျိုးသမီးများ၏အခန်းကဏ္ဍမြင့်မြားလာရေးကို အရှိန်အဟုန်ပြင်းစွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

၇။ ရခိုင့်အမျိုးသားရေးကို ဆောင်ရွက်နေကြသော ပြည်တွင်းပြည်ပအင်အားစုများ ပိုမိုသွေးစည်းညီညွတ်မှုရရှိ ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို အရှိန်အဟုန်မြှင့်တင်သွားမည်။

၈။ ရခိုင်ပြည်သူတရပ်လုံး အားကိုးအားထားရလောက်သော ရခိုင့်အမျိုးသားတော်လှန်ရေးတွင် တက်ကြွစွာဖြင့် စွမ်းစွမ်းတမံ တိုက်ပွဲ၀င်သွားမည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မီတီ**
ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်များကွန်ဂရက် (ရကလက)
ဗဟိုဌာနချုပ်(ထိုင်းနိုင်ငံ)